**MyCO တွင် မှတ်ပုံတင်ခဲ့သည့် ကုမ္ပဏီများမှ နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်ခဲ့လျှင် ဆောင်ရွက်ရမည့်အကြောင်း သိကောင်းစရာ**

MyCO တွင် ၁.၈.၂၀၁၈ မှ ၁၆.၁၀.၂၀၁၉ ရက်နေ့ထိ မှတ်ပုံတင်ခဲ့သည့် (အဟောင်း + အသစ်) ကုမ္ပဏီစုစုပေါင်း **၆၇,၄၄၃** ရှိပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) အရ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကုမ္ပဏီ အားလုံးသည် ဥပဒေပုဒ်မ ၉၇ အရ Myanmar Companies Online (MyCO) တွင် နှစ်စဉ်အစီရင်ခံစာ (Annual Return-AR) ကို ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် နှစ်စဉ်အနည်းဆုံး တစ်ကြိမ် (နှစ်ပတ်လည် ကုန်ဆုံးပြီးနောက် တစ်လထက် နောက်မကျဘဲ) တင်ပြရမည်ဖြစ်ပါသည်။ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၆၆ (က) အရ နှစ်စဉ်အစီရင်ခံစာ ပေးပို့သည့် အချိန်နှင့် တစ်ပြိုင်တည်း ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုံစံ ဆ-၅ (G-5) ဖြင့် တင်ပြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၅၃(က-၁) အရ ပြည်ပ ကော်ပိုးရေးရှင်း (**overseas** corporation) အားလုံးသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၂၈ ရက်အတွင်း နှစ်စဉ် အစီရင်ခံစာကို သတ်မှတ် ဖော်ပြထားသည့် ပုံစံဖြင့် MyCO တွင် တင်ပြရပါမယ်။ ၁.၈.၂၀၁၉ ရက်**နေ့မှစ၍** ကုမ္ပဏီများ၏ AR form နောက်ဆုံး တင်ပြရမည့်ရက်ကို MyCO System **မှ** Company Status စတင်ဖော်ပြပေးခဲ့ပါသည်။ ကုမ္ပဏီများသည် နှစ်စဉ်အစီရင်ခံစာ (Annual Return-AR) ကို AR Due Date ဖော်ပြထားသည့် ရက်စွဲအတိုင်း တင်ပြရမည်ဖြစ်ပါ သည်။ MyCO တွင် ၁၆.၁၀.၂၀၁၉ ရက်နေ့ထိ AR တင်ပြရန် ပျက်ကွက်ခဲ့သော Suspended ဖြစ်နေသည့် ကုမ္ပဏီစုစုပေါင်း **၂,၇၉၂** ရှိပါသည်။

အသစ်တည်ထောင်ထားသော ကုမ္ပဏီများသည် ကုမ္ပဏီ ဖွဲ့စည်းပြီးသည့်နေ့မှ ၂ လ အတွင်း တင်ပြရန်နှင့် မတင်ပြပါက နောက်ကျကြေး ကျပ် ၁၀၀,၀၀၀/- ပေးဆောင်ရမှာ ဖြစ်ပါသည်။ AR form အား ၁၃ လအတွင်း မတင်ပြပါက တင်ပြရန် ပျက်ကွက်ခဲ့မှုအတွက် ပုံစံ **(ဈ-၉က)** (I-9A) ဖြင့် system မှ Company Status တွင် ရပ်ဆိုင်းရန် အကြောင်းကြားစာ ပေးပို့မှာ ဖြစ်ပါသည်။ I-9A လက်ခံရရှိသည့် နေ့မှ ၂၈ ရက်အတွင်း AR form တင်ပြလာခြင်း မရှိသေးပါက system မှ Company Status တွင် ဆိုင်းငံ့စာရင်း (Suspended) သို့ ပြောင်းလဲမှာ ဖြစ်ပါသည်။ ကုမ္ပဏီ တစ်ခုသည် ဆိုင်းငံ့စာရင်း (Suspended) အခြေအနေသို့

ရောက်ရှိနေပါက AR form နှင့် နောက်ကျကြေးများ ( AR + Late Fee) ဦးစွာ ပေးသွင်းပြီးမှ ဆိုင်းငံ့ထားခြင်းကို ပြန်လည် ရုပ်သိမ်းရန် တင်ပြလျှောက်ထားလွှာ ပုံစံ (ဈ-၉ဃ) (I-9D) ဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ပေး ပါရန် တင်ပြရမှာဖြစ်သည်။ ဆိုင်းငံ့စာရင်း (Suspended) ဖော်ပြခံထားရသော ကုမ္ပဏီများ အနေဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ရန် အတွက် AR Fee (50,000) + Late Fee (100,000) + I-9D Company Restoration Fee (100,000) = Ks 250,000 ကုန်ကျမှာ ဖြစ်ပါတယ်။ ဆိုင်းငံ့စာရင်း (Suspended) စတင်ဖော်ပြခံရသည့်နေ့မှ ၆ လအတွင်း AR Form မတင်ပြပါက System မှ Company Status တွင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off) အဖြစ် ပြောင်းလဲဖော် ပြသွားမှာ ဖြစ်ပါတယ်။

